mgyoe.com SAMPLE BOOK

# ဝနုပုဆိုး

[အလျှံပယ်ကြွယ်ဝချမ်းသာရေး အဆင့်ဆင့်လမ်းညွှန်]

## မောင်ပေါ်ထွန်း

# WINK AND GROW RICH

[ A step by Step Guide to Making a Lot of Money ]

by **Roger Hamilton**

mgyoe.com

3500

mgyoe.com

SAMPLE BOOK

# ဝ၎ပုဆိုး

[အလျှံပယ်ကြွယ်ဝချမ်းသားရေး အဆင့်ဆင့်လမ်းညွှန်]

မောင်ပေါ်ထွန်း

# WINK AND GROW RICH

[ A step by Step Guide to Making a Lot of Money ]

by Roger Hamilton

PW 97

9 782001 000975

mgyoe.com

mgyoe.com 

mgyoe.com

mgyoe.com SAMPLE BOOK

# စာရေးသူ၏ ကိုယ်ရေးအကျဉ်း

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ရေမျက်ဝရွာတွင် အဖ ဦးမောင်ပု၊ အမိ ဒေါ်အေးသာတို့က ၁၉၃၅ တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးခင်မောင်စိုး ဖြစ်သည်။ ၁၅ နှစ်သားတွင် ရန်ကုန်မြို့သို့ ရောက်လာခဲ့ပြီး အလွတ်ပညာသင်ကျောင်း တက်သည်။ ၁၉၅၅ တွင် စာပေဗိမာန်၌ လက်ရေးတို လက်နှိပ်စက်စာရေးအဖြစ် အမှုထမ်းသည်။ ၁၉၇၃ တွင် ဝိဇ္ဇာ (သမိုင်း) ဘွဲ့ရသည်။ ၁၉၇၉ တွင် စာပေဗိမာန်စာအုပ်အသင်း ကြီးကြပ်ရေးမှူးအဖြစ်မှ အငြိမ်းစားယူခဲ့သည်။

ငွေတာရီမဂ္ဂဇင်းတွင် စာအုပ်လောကကဏ္ဍကို ၁၉၆၇ မှ စ၍ ခြောက်နှစ်နီးပါး ဆက်တိုက်ရေးသားခဲ့သည်။ စာအုပ်လောကစာစောင်၊ ပန်မဂ္ဂဇင်း၊ ချယ်ရီမဂ္ဂဇင်းနှင့် ဓနစီးပွားရေးဂျာနယ်တို့တွင် အယ်ဒီတာ၊ အယ်ဒီတာချုပ်နှင့် အတိုင်ပင်ခံအယ်ဒီတာအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

ဘာသာပြန်လုံးချင်းစာအုပ် ခုနှစ်ဆယ်ကျော် ပြန်ဆိုရေးသားခဲ့သည့်အနက် နိုင်းမြစ်ဝှမ်းမှ တော်လှန်ရေး၊ ကျွန်မချစ်တဲ့ ဆူကာနို၊ ယက်ဗ်တူရှင်ကို၊ သန်းခေါင်ယံလွတ်လပ်ရေး၊ ကမ္ဘာ့ရန်၊ မာယာ၊ မဟာဒီလှိုင်း၊ ငွေရှာနည်း ငွေသုံးနည်း၊ စံပြအရောင်းသမား၊ ကမ္ဘာ့အဆောင်မြင်ဆုံး စီးပွားရေး သူရဲကောင်းများ၊ ဟားဗတ်စီးပွားရေးတက္ကသိုလ်မှာ မသင်ခဲ့ရသမျှ၊ အဆင့်မြင့် အောင်မြင်သူတို့၏ အလေ့အထများ၊ ရန်ကုန်သား ကျားဘမ်းသူဌေးကြီး၏ စီးပွားရေးစွန့်စားခန်းများ၊ အမြန်ဆုံးသူဌေးဖြစ်နည်း၊ လုပ်ငန်းအောင်မြင်ရေး လျှို့ဝှက်ချက်များ၊ ကိုယ့်စွမ်းကိုယ်စဖြင့် ကြီးပွားရေး တို့မှာ ထင်ရှားသည်။ ၁၉၉၇ ခုနှစ်တွင် ကမ္ဘာ့ရစမ်းရေအိုင်ဖြင့်၊ ၂၀၀၆ တွင် ကံကြမ္မာအကျဉ်းသားဖြင့် အမျိုးသားစာပေဆု (ဘာသာပြန်-ရသ)ကို ရရှိသည်။ ၂၀၁၅ တွင် အမျိုးသားစာပေ တစ်သက်တာဆုကို ရရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

ဖူးပွင့်ဝေဝေစာအုပ် (၉၇)

# ဓနမုဆိုး

## မောင်ပေါ်ထွန်း

(အလျှံပယ်ကြွယ်ဝချမ်းသာရေး အဆင့်ဆင့်လမ်းညွှန်)

# WINK AND GROW RICH

(A Step by Step Guide to Making a Lot of Money)

*by*

**Roger Hamilton**

ဖူးပွင့်ဝေဝေစာအုပ်တိုက်

အမှတ်(၄၅)၊ ၁၀၉လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

တစ်ပြည်လုံးဖြန့်ချိရေး

ရာပြည့်စာအုပ်ဆိုင်

၂၆၄၊ ပန်းဆိုးတန်းလမ်း၊ (အပေါ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့ ဖုန်း ၀၉၇၃၂၄၅၂၈၉၊ ၀၁ ၃၇၅၉၅၂

mgyoe.com

mgyoe.com SAMPLE BOOK

ပထမအကြိမ် - (၂၀၀၅)၊ ကေဇော်စာအုပ်တိုက်

ဒုတိယအကြိမ် - (၂၀၁၉)၊ ဖူးပွင့်ဝေဝေစာအုပ်တိုက်

ဒီဇင်ဘာ (၂၀၁၉)

အုပ်ရေ - (၅၀၀)

*

ထုတ်ဝေသူ

ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ၊ (၀၀၆၆၀)

၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

*

ပုံနှိပ်သူ

ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် (၀၀၄၂၀)

၁၈၁၊ လမ်း ၅၀၊ ၁၀ ရင်..၃ကဲ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

*

အတွင်းဖလင်

အောဇက်

*

မျက်နှာဖုံးပန်းချီ

လင်းဝဏ္ဏ

*

တန်ဖိုး

၃၅၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

'လောကကြီးမှာ
လှျို့ဝှက်ဆန်းကြယ်
အံ့ဖွယ်အရာဝတ္ထုတွေ
ပြည့်နှက်နေတယ်။
သင့်ရဲ့
အသိဉာဏ်
ထက်မြက်တိုးပွားရေးအတွက်
စိတ်ရှည်လက်ရှည်
စောင့်မျှော်နေကြလေရဲ့.'

အီဒင်ဖစ်လ်ပေါ့စ်
**Eden Phillpotts**

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

ဤစာအုပ်…

သင်၏ ခနဉစ္စာ ကြွယ်ဝရေးတံခါးကို ဖွင့်ပေးမည့် သော့တွေ ဤစာအုပ်ထဲမှာ ရှိသည်။ စာအုပ်ကို လက်က မချလိုက်ပါနှင့်။ ဖွင့်ဖတ်ပါ။ သော့တွေကို ထုတ်ယူပါ။ ပထမဆုံး လိုအပ်သည်မှာ သော့တွေကို တွေ့အောင်ရှာဖို့ပဲ ဖြစ်၏။

ဓာတ်လမ်း၏ နောက်ကွယ်မှ ဓာတ်လမ်းထဲတွင်၊ သင်ခန်းစာ၏ နောက်ကွယ်မှ သင်ခန်းစာထဲတွင် သော့တွေ ရှိနေသည်။ ဆိုလိုသည်မှာ သော့တွေကို တွေ့အောင်ရှာဖို့ဖြစ်၏။ သင့်အနေဖြင့် အမြင်စူးရှဖို့လိုသည်။ သင် မြင်တာကို အမြဲတမ်းရလိမ့်မည်။ ဤစာအုပ်ကို ဖတ်သည့်အချိန်တိုင်း တစ်ကြိမ်ထက်တစ်ကြိမ် ပို၍ အမြင်စူးရှလာလိမ့်မည်။ သော့တွေကို ထုတ်ယူပါ။ သင်၏ ခနဉစ္စာကြွယ်ဝရေးတံခါးကို ဖွင့်ပါ။

သင် လုံလုံလောက်လောက် ကြိုးစားလျှင် နောက်ဆုံးသော့ကို အနှေးနှင့် အမြန် ဧကန် တွေ့ပါလိမ့်မည်။ ဤအချက်ကို ဓာတ်လမ်း တစ်လျှောက်လုံး ညွှန်းဆိုထားသည်။ နောက်ဆုံး သော့သည် အကြီးဆုံးသော့ ဖြစ်၏။ ထိုသော့သည် သင်၏ အနှိုင်းမဲ့ ချမ်းသာကြွယ်ဝရေး တံခါးကို ဖွင့်ပေးလိမ့်မည်။

အချိန်သည် သင်၏ အကြီးကျယ်ဆုံး ကိုယ်ပိုင်ပစ္စည်းဖြစ်သည်။ နောက်ထပ် အချိန်တစ်မိနစ်ကလေးတောင်မှ ဖြုန်းမပစ်ပါနှင့်တော့။ လုံးဝ မေးခွန်း မထုတ်ပါနှင့်။ ဤစာအုပ်ကိုသာ ဖတ်ဖြစ်အောင် ဖတ်ပါ။ အခု ချက်ချင်း ဖတ်ပါ။ ဤစာအုပ်ကို ဖတ်ပြီး ချမ်းသာကြွယ်ဝပါ၊ တိုးတက်ကြီးပွားပါ။

mgyoe.com

mgyoe.com SAMPLE BOOK

# အကောင်းဆုံးလက်ဆောင်

"အရိုးရှင်းဆုံးပုံစံနဲ့ မျှဝေပေးထားတဲ့ ထာဝရ မှန်ကန်တဲ့ သဘာဝ တရားတွေ ဒီစာအုပ်ထဲမှာ ပါတယ်။ စာအုပ်ကို ကောက်ကိုင်ပါ၊ ဖတ်ကြည့်ပါ၊ ပြီးတော့ မိတ်ဆွေတွေကိုလည်း ပေးဖတ်ပါလို့ ကျွန်မ အလေး အနက် တိုက်တွန်းပါတယ်။ ဒီစာအုပ်ဟာ စိတ်ကူးဉာဏ် ထက်သန်ချင်သူ တိုင်းအဖို့ အကောင်းဆုံး လက်ဆောင်ကြီးပါပဲ"

မီးဒ် ဒီစီ ကော်ဒိုရာ

**Ms DC Cordova**

mgyoe.com

mgyoe.com SAMPLE BOOK

## ဘဝအောင်မြင်ရေးအတွက် ဖတ်ပါ

**Co-founder, Money & You Program, Excellerated Business Schools**

"ဖတ်လို့ပျော်တယ်၊ သိပ်ပြီးသွက်တယ်၊ အသိဉာဏ်တိုးပွားစရာတွေ အပြည့် ပါတယ်။ ဘဝအောင်မြင်ရေးကို အလေးအနက် ရှာဖွေနေသူတိုင်း ဖတ်သင့် တယ်"

ရန်ဒီ ဂေ့ဂျ်

**Randy Gage**

**Peak Performance Expert and Author of 'How to Build & Multi-level Money Machine'**

## မနေသိုက်

"ဒီစာအုပ်ကို ဖတ်သူဟာ သူနဲ့ထိုက်တဲ့ မနေသိုက်ကြီးကို တွေ့သူပဲ။ စိတ်ဝင် စားစရာ ဇာတ်လမ်းထဲမှာ လေးနက်တဲ့ အတွေးအခေါ်တွေပါတဲ့ စာအုပ်ဖြစ် ပါတယ်။ ဖတ်ဖြစ်အောင် ဖတ်ကြည့်ပါ"

ဒေ့ဗ် ရော်ဂျာစ်

**Dave Rogers**

**Master Coach and Co-Author of**

**'The Six Dimensions of Top Achievers'**

mgyoe.com

mgyoe.com SAMPLE BOOK

## ရှိးစင်းသလောက် စွမ်းအားကြီး

''ဒီစာအုပ်ဟာ ဉစ္စာခနေ ကြွယ်ဝချမ်းသာရေး သက်သက်ကိုသာ ရေးသားထားတဲ့စာအုပ် မဟုတ်ပါဘူး။ မတူကွဲပြားတဲ့ ဘဝအလွှာတိုင်းမှာ အလျှံပယ်ပြည့်ဝအောင်မြင်ရေးကိုပါ ရေးထားပါတယ်။ စာရေးသူဟာ နှစ်ပေါင်းများစွာ လေ့လာဆည်းပူးထားတဲ့ ဗဟုသုတနဲ့ အတွေ့အကြုံတွေကို အဆီညှစ်ပြီး အနှစ်ချုပ် တင်ပြထားတယ်။ ရှိးစင်းသလောက် စွမ်းအားကြီးမားတဲ့ စာအုပ်ဖြစ်လို့ ဘဝအောင်မြင်ရေးကို ရှာဖွေနေတဲ့ သင့်ရဲ့လမ်းကြောင်းကို ပြောင်းလဲသွားစေလိမ့်မယ်''

အဒမ် ခူး

**Adam Khoo**

**Entrepreneur and Best Selling Author of 'I am Gifted, So Are You'**

mgyoe.com

mgyoe.com SAMPLE BOOK



## ဤစာအုပ်ကို ရေးသူ…

ဤစာအုပ်ကို ရေးသူ ရော်ဂျာဟာမီလ်တန်သည် အာရှတိုက်၏ ထိပ်တန်း ကြွယ်ဝချမ်းသာရေး အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်သည်။

သူသည် လွန်ခဲ့သည့် တစ်နှစ်တာကာလအတွင်း ညှိနှိုင်းဆွေးနွေးပွဲ၊ နှီးနှောဖလှယ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲပေါင်း ၁၅၀ ကျော်တွင် ထိရောက် အောင်မြင်သော ကြွယ်ဝချမ်းသာရေး သဘောတရားများကို လူပေါင်း ၂၀,၀၀၀ ကျော်တို့အား မျှဝေပေးခဲ့၏။

ရော်ဂျာသည် အင်္ဂလန်နိုင်ငံ၊ ကင်းဘရစ်တက္ကသိုလ်၊ ထရီနီတီကော လိပ်မှ ဗိသုကာပညာရပ်ဖြင့် ဘွဲ့ရပြီးနောက် ဗိသုကာကောင်း တစ်ယောက် အဖြစ် ကြိုးစားရန် ဆုံးဖြတ်ခဲ့သည်။ သူက ဗိသုကာပညာကို တိုက်ခန်းများ နှင့် ကုန်တိုက်များ ဆောက်လုပ်ခြင်းထက် သာလွန်သည့် အဆောက်အအုံ စီပွားရေးလုပ်ငန်း၊ ပူးပေါင်းဆောင်ရွက်မှု၊ ဘဝတန်ဖိုးနှင့် ကြွယ်ဝချမ်းသာမှု အဖြစ် ခံယူသည်။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ဆုံးတွင် သူသည် လုပ်ငန်းပေါင်းများစွာ၌ စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင် ဖြစ်လာသည်။ အသက် ၂၀ ကျော်တွင် သန်းကြွယ် သူဌေး အဆင့်သို့ ရောက်ရှိသည်။ အသက် ၃၀ တွင် ငွေကြေးကိစ္စနှင့် ပတ်သက်၍ လုံး၀ အပူအပင် ကင်းရသည့် လုပ်ငန်းရှင်ကြီး ဖြစ်လာသည်။ ယခုအချိန်တွင် စက်မှုလုပ်ငန်းကြီး ငါးခုကို ပိုင်ဆိုင်ထားသည်။ သူ စိတ်ဝင်စားဆုံး အလုပ်မှာ ကြွယ်ဝချမ်းသာရေး အတိုင်ပင်ခံ ပုဂ္ဂိုလ်အဖြစ် ကြွယ်ဝချမ်းသာရေးနှင့် ပတ်သက်၍ အကြံပေးခြင်း၊ လမ်းညွှန်ခြင်း၊ ဟော ပြောခြင်းတို့ ဖြစ်သည်။

ရော်ဂျာသည် ဇနီး၊ သားသမီးများနှင့် အတူ မကြာသေးမီက စင်ကာ ပူသို့ ပြောင်းရွှေ့လာခဲ့သည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


- အဖွင့်စကား ........ ၁၁
၁။ ရှေးရှေးတုန်းက ........ ၁၃
၂။ ရေတွင်း ........ ၁၅
၃။ အမြင်ပညာရှင် ........ ၁၉
၄။ ရေပိုက်ပြင်သူ ........ ၃၀
၅။ ဥယျာဉ်မှူး ........ ၄၇
၆။ တံငါသည် ........ ၆၂
၇။ တက်ခက်သမား ........ ၇၃
၈။ ဂီတပညာရှင် ........ ၈၇
၉။ ဟိုတယ်မန်နေဂျာ ........ ၉၇
၁၀။ လက်သမားဆရာ ........ ၁၀၇
၁၁။ အဘွားအို ........ ၁၁၁
- နိဂုံး ........ ၁၂၀
- အပိတ်စကား ........ ၁၂၃
- ကျေးဇူးစကား ........ ၁၂၈


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အဖွင့်စကား

ကြိုဆိုပါ၏။ ဤစာအုပ်ကို ဖတ်ရှုသည့်အတွက် ကျေးဇူးတင်ပါသည်။

ကျေးဇူးပြု၍ အကြံပေးပါရစေ။ ဤဇာတ်လမ်းသည် သာမန်ဇာတ်လမ်းတစ်ပုဒ် မဟုတ်ပါ။ တကယ့်ဇာတ်လမ်း သည် ဇာတ်လမ်းထဲမှာ မရှိပါ။ တကယ့်ဇာတ်လမ်းသည် ဇာတ်လမ်း၏ နောက်ကွယ်မှာရှိသည့် အံ့ဖွယ်ဇာတ်လမ်း ဖြစ်၏။ ထိုဇာတ်လမ်းသည် ဖော်ထုတ်ခံရရန် စောင့်နေပါ သည်။ ဆိုလိုသည်မှာ ထပ်ကာထပ်ကာ ဖတ်ရှုမှသာ ထို ဇာတ်လမ်းပေါ်လွင်လာမည် ဖြစ်၏။ ငါးကြိမ် ဖတ်ရမည် လား၊ တစ်ဆယ့်ငါးကြိမ် ဖတ်ရမည်လား ဆိုသည်ကတော့ သင့်အပေါ်မှာ တည်သည်။

ထို့ကြောင့် ကျေးဇူးပြု၍ ဤဇာတ်လမ်းကို ဥယျာဉ်သုံး ရေလောင်းသံပုံးလို အသုံးချပါ။ များများလောင်းလေလေ ပို၍ တိုးတက်ကြီးထွားလာလေလေ ဖြစ်၏။

mgyoe.com

mgyoe.com SAMPLE BOOK

အသုံးချနည်း လမ်းညွှန်

သုတ်လိမ်းပါ
သန့်စင်ပါ
ထပ်မံသုတ်လိမ်းပါ

အဆုံးသည် အစမှာရှိသည်

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း [၁]
# ရှေးရှေးတုန်းက

"ဒါ လုံးဝ မတရားဘူး။ ငါ နေမကောင်းဘူး။ တော်တော်မောနေတယ်"

ဟုတ်သည်။ သူ နေလည်းမကောင်း၊ မောလည်း မောနေ၏။ တကယ်တော့ သူ နေမကောင်း၍ မောနေသည်။ မောနေ၍ နေမကောင်းဖြစ်နေသည်။ ဒါ တရားသလား။ ရစ်ချတ်၏ အဖေသည် လက်သမားဆရာအဖြစ် တစ်သက်လုံး လုပ်လာခဲ့သည်။ သူ အမြဲတမ်း ကြွယ်ဝချမ်းသာချင်သည်။ သို့သော်လည်း ကြွယ်ဝချမ်းသာခြင်းကို ဘယ်တော့မှ မရရှိခဲ့။ ထို့ကြောင့် သူသည် အလုပ်ကို ပို၍ ပို၍ ကြိုးစားလုပ်သည်။ နောက်ဆုံးတွင် စိတ်ဖိစီးမှုကြောင့် ဗုန်းဗုန်းလဲတော့သည်။

သူ မထနိုင်တော့။ အိပ်ရာထက်မှာ ပက်လက်ကြီး။

"ငါ့သား အဖေဟာ နှစ်ပေါင်း ၂၀ လုံးလုံး နေ့တိုင်း နေ့တိုင်း 'ဓနရေတွင်း'ကို သွားခဲ့တယ်။ ပိုက်ဆံတစ်ဒေါ်လာ သုံးခဲ့တယ်။ ဒီနေ့ အဖေ မင်း အကူအညီကို လိုချင်တယ်။ ရော့ ဒီမှာ တစ်ဒေါ်လာ၊ 'တွင်းရေ' တစ်ပုံး သွားဝယ်ပါ။ မင်းကို အဖေ အားကိုးတယ် ငါ့သား"

ရစ်ချတ်က ကိုးနှစ်သားအရွယ်။ သူ့အဖေအတွက် သူ ဝမ်းနည်းမိသည်။ စိုးရိမ်စိတ်လည်း ဖြစ်မိသည်။ မိသားစု၏ ကြွယ်ဝချမ်းသာရေးသည် ဤတစ်ဒေါ်လာနှင့် သူ့အပေါ်တွင် တည်နေသည်။ ဤငွေတစ်ဒေါ်

mgyoe.com

mgyoe.com SAMPLE BOOK

လာသည် သူ့ မိသားစု၏ ကြွယ်ဝချမ်းသာရေးနှင့် သူ့အဖေ၏ ကျန်းမာရေးအတွက် အဓိကသော့ချက် ဖြစ်၏။ သူသည် ယင်း ငွေတစ်ဒေါ်လာကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားရင်း အဖေ့စကားကို လေးလေးနက်နက် နားထောင်နေသည်။

"ဒီရွာက လူတွေဟာ 'ဓနရေတွင်း'ကို ရာစုနှစ်ပေါင်းများစွာ နေ့တိုင်း နေ့တိုင်း မပျက်မကွက်သွားခဲ့ကြတယ်။ 'ရေတွင်း'ကို ရက်ရက်ရောရောပေးပါ ငါ့သား။ သူက မင်းကို ရက်ရက်ရောရော ပြန်ပေးလိမ့်မယ်"

❑

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း [၂]
# ရေတွင်း

ရစ်ချတ်သည် 'ရေတွင်း'သို့ ဦးတည်သည့် လမ်းအတိုင်း လျှောက်လာရင်း စဉ်းစားလာသည်။ သူ့အဖေကို 'ရေတွင်း'က ဘာကြောင့် ရက်ရက်ရောရော မပေးတာလဲ။ တခြား ရွာသားအများစုကိုရော ဘာကြောင့် မပေးခဲ့တာလဲ။ ရွာသားအများစု၏ စီးပွားရေး အခြေအနေသည် သူ့အဖေ၏အဖြစ်ထက်ပင် ပို၍ ဆိုးရွားသေးသည်။ မှန်သည်။ ရွာသားများသည် 'တွင်းရေ' တစ်ပုံးစီ နေ့တိုင်း မပျက်မကွက်ရခဲ့ကြ၏။ သို့သော်လည်း သူ တွေ့ရသည်မှာ သူတို့အားလုံး ထိုရေကို အကုန်သောက်ပစ်ကြသည်ချည်း ဖြစ်၏။

မကြာမီတွင် သူ လမ်းခွဆုံ တစ်ခုသို့ ရောက်လာသည်။ အဘွားအိုတစ်ယောက်သည် နွေဦးလေနုအေးကလေးကို ရှူရှိုက်ရင်း ပက်လက်ကုလားထိုင်တွင် သက်သောင့်သက်သာ ထိုင်နေသည်။ လက်ထဲမှာတော့ ရေအေးဖန်ခွက်ကို ကိုင်ထားသည်။

ရစ်ချတ် ရပ်လိုက်သည်။

"အဘွား ဘာအကူအညီ ပေးရမလဲ လူကလေး"

"ကျွန်တော့်ကို ကျေးဇူးပြုပြီး ကြွယ်ဝချမ်းသာရေးလမ်းကို ပြပါလား အဘွား"

ရစ်ချတ်က တစ်ဒေါ်လာကို လက်ထဲမှာ ကိုင်ထားရင်း ခပ်ကျယ်ကျယ် ပြောလိုက်ခြင်းဖြစ်၏။

mgyoe.com

mgyoe.com SAMPLE BOOK

''ကောင်းပြီ ကောင်းပြီ ကောင်းပြီ၊ မင်းက ကြွယ်ဝချမ်းသာချင်တာကိုး။ ဒီတော့ အဲဒီကို ဘယ်အချိန်မှာ ရောက်မယ်ဆိုတာ မင်း ဘယ်တော့ သိမှာလဲ''

ရစ်ချတ်သည် အဘွားအိုကို အကြောင်သား ကြည့်နေသည်၊ အဘွားအိုက မျက်စိတစ်ဖက် မှိတ်ပြကာ ပြုံးပြီး ဆက်ပြောသည်။

''ကြွယ်ဝချမ်းသာရေးအတွက် အလုပ်ကို မင်း ဘယ်လောက်အထိ ကြိုးစားလုပ်နိုင်မှာလဲ''

''အများကြီး ကြိုးစားပြီး လုပ်ပါ့မယ်။ ကျွန်တော့် အဖေလည်း တစ်သက်လုံး အများကြီး ကြိုးစားပြီး လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ သူ အခုအထိ ဆင်းရဲနေတုန်းပဲ။ ဒါကြောင့်မို့ ကျွန်တော်က အဖေ့ ထက်ပိုပြီး ကြိုးစားလုပ်ဖို့ ဆုံးဖြတ်ထားပါတယ်''

''ဒါဆို မင်း ဟောဒီလမ်းအတိုင်း သွားရလိမ့်မယ်။ ဒီလမ်းအတိုင်း သွားပြီး အမြင်ပညာရှင်ကို တွေ့အောင်ရှာချေ''

ရစ်ချတ်က လမ်းကိုကြည့်လိုက်သည်။ လမ်းက ချုံနွယ်ပိတ်ပေါင်းတွေ စည်းနေသည်။ အခြားလမ်းနှင့် ယှဉ်လျှင် ကျဉ်းလည်း ကျဉ်းသည်။ သူ့ အဖေ၏ လက်စွဲစကားပုံ...ို သတိရမိ၏။

## ''လမ်းဖြောင့်သာလျှောက် ဘယ်တော့မှ လမ်းမပျောက်''

သို့သော်လည်း အဘွားအို၏ မျက်လုံးထဲမှ တစ်စုံတစ်ရာက ရစ်ချတ်အား အဆိုပါလမ်းကိုပင် ရွေးစေ၏။

ရစ်ချတ် ထွက်ခွာမလာမီ အဘွားအိုက မှတ်စုစာအုပ်ကလေးတစ်အုပ်နှင့် ဘောပင်တစ်ချောင်း ထုတ်ပေးရင်း-

''စဉ်းစားပါ၊ ရေးထားပါ''

ဟု ပြောသည်။ ထို့နောက် မျှော်လင့်ချက်ဖြင့် အခြားလက်တစ်ဖက်ကို ဖြန့်တန်းလိုက်သည်။

ရစ်ချတ်က လက်ထဲမှ တစ်ဒေါ်လာကို ကြည့်လိုက်သည်၊ အဘွားအိုအား ကမ်းပေးလိုက်သည်။ ထို့နောက် မှတ်စုစာအုပ်ကို ယူပြီးစာရေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## "၁။ စဉ်းစားပါ၊ ရေးထားပါ"

သူ့အဖေ ပြောခဲ့တာတွေနှင့်တော့ တခြားစီ ဖြစ်သည်။ မကြာခင်မှာ ပင် သူ ထွက်ခွာလာခဲ့သည်။ အမြင်ပညာရှင်ကို လိုက်ရှာရင်း တောနက်ထဲ ရောက်လာခဲ့၏။

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း [၃]
# အမြင်ပညာရှင်

မကြာမီတွင် ရစ်ချတ်သည် တောထဲ၌ အိမ်တစ်ဆောင်တွေ့ရသည်။ ကြီးကျယ်ခမ်းနားသည့် စံအိမ်ကြီးဖြစ်၏။ သည်လောက်ကြီးသည့် အိမ်ကြီးမျိုးကို သူ တစ်ခါမှ မမြင်ခဲ့စဖူး။ သူရပ်နေသည့် နေရာမှ လှမ်းမျှော်ကြည့်လိုက်သောအခါ လှပသော ပန်းဥယျာဉ်ကလေးများ၊ ရေပန်းများ၊ ပြိုင်ကားများနှင့် ခေါင်မိုးပေါ်တွင် ဟယ်လီကော်ပတာကွင်းလိုလို အရာတို့ကို မြင်ရ၏။ သို့သော်လည်း နောက်ဆုံးအရာကိုတော့ သူ အတတ်မပြောနိုင်ပါချေ။

သူ ဆက်လျှောက်လာပြီး တံခါးကို ခေါက်လိုက်သည်။

သစ်လွင်တောက်ပသော အဖြူရောင် ဝတ်စုံဝတ်ထားသည့် လူငယ်တစ်ယောက် ထွက်လာ၏။ ရစ်ချတ် နည်းနည်း အံ့အားသင့်သွားရာမှ ကိုယ့်ကိုယ်ကိုယ် အမြန် ပြန်ထိန်းလိုက်ပြီးနောက် မှတ်စုစာအုပ်ကလေးကို ထုတ်ပြရင်း–

"အစ်ကိုလေးက အမြင်ပညာရှင် မဟုတ်လား။ ကျွန်တော့်ကို အဘွားအိုကြီးက ညွှန်လိုက်လို့ပါ။ ကျွန်တော် ကြွယ်ဝချမ်းသာချင်ပါတယ်"

အမြင်ပညာရှင် လူငယ်က ရစ်ချတ်ကို ပြုံးပြုံးရွှင်ရွှင် ကြည့်လျက်–

"ကောင်းပြီ ကောင်းပြီး ကောင်းပြီ၊ ဘယ်လို ကြွယ်ဝချမ်းသာချင်တာလဲ"

ရစ်ချတ်က ဒီလူတော်တော် အ တာပဲဟု တွေးလိုက်ပြီးမှ–

mgyoe.com

mgyoe.com SAMPLE BOOK

''သူဌေးကြီး ဖြစ်လောက်အောင် ချမ်းသာချင်ပါတယ်''

''အိုး… ဒါက လွယ်ပါတယ်။ ပိုပြီး ကောင်းတဲ့ မေးခွန်းနဲ့ မေးပါဦး''

ရစ်ချတ် ခေတ္တ စဉ်းစားနေသည်။ ဝတ်ကောင်းစားလှနှင့် လူတွေကို သူ့အဖေ ဘယ်လိုသဘောထားကြောင်း ရစ်ချတ်က ပြောပြမလို့ စိတ်ကူးပြီးတော့မှ ရုတ်တရက် စိတ်ပြောင်းသွားကာ ပိုပြီး ကောင်းသည့် မေးခွန်းကို မေးလိုက်၏။

''ဒါဆို အစ်ကိုလေးက ဘယ်လို ချမ်းသာပါသလဲ''

'ငါ့အနေနဲ့ အလုပ်လုပ်စရာ မလိုလောက်အောင် ဝင်ငွေ လုံလုံလောက်လောက် ရှိတယ်။ ငါ့အချိန်ကို ငါစိတ်ချမ်းသာတဲ့ အလုပ်တွေမှာ အသုံးချတယ်။ ငါ့ကို ကုံလုံပြည့်ဝမှု ပေးနိုင်တဲ့ နည်းလမ်းတွေနဲ့ လောကကြီးကို ငါ အကျိုးပြုတယ်''

ရစ်ချတ်က အမြင်ပညာရှင်ကို ကြောင်ကြောင်ကြီး ကြည့်နေသည်။ ပြီးတော့မှ–

''ဒီတော့ အစ်ကိုလေးမှာ ပိုက်ဆံဘယ်လောက်များများ ရှိသလဲ''

''အဲဒါက အရေးကြီးလို့လား''

ရစ်ချတ် မျက်နှာတစ်ချက်တွန့်လိုက်ပြီးနောက် နည်းဗျူဟာ ပြောင်းရန် ဆုံးဖြတ်လိုက်သည်။

''ဒါဆို အစ်ကိုလေးက ဘယ်လို ချမ်းသာလာတာလဲ''

အမြင်ပညာရှင်က မျက်တောင်တစ်ချက်ခတ်လိုက်ပြီးနောက်–

''ငါ ပိုပြီးတော်တဲ့ အမြင်ပညာရှင် ဖြစ်လာတယ်''

ရစ်ချတ်က သည်ကိစ္စကို လုံးဝ စွန့်လွှတ်လိုက်ရန် အသင့်ဖြစ်နေပြီ။ သူ့အဖေ အမြဲ ပြောလေ့ရှိသည့် စကားကို သတိရမိ၏။

## ''အဓိပ္ပာယ်ရှိအောင် မလုပ်တတ်ရင် ပိုက်ဆံရှာလို့ မရနိုင်ဘူး''

ဒီလူ အဓိပ္ပာယ်ရှိအောင် လုပ်တတ်ဟန် မတူဘူးဟု ရစ်ချတ်က တွေးမိသည်။ သို့သော်လည်း သူ့ မျက်လုံးကစားပုံ ထူးခြားချက်ကြောင့်

mgyoe.com

mgyee.com

ရစ်ချတ်က အဘွားအိုကြီးကို သတိရမိ၏။ အဘွားအိုကြီးက ထိုင်နေရင်းမှ "ကောင်းပြီ ကောင်းပြီ ကောင်းပြီး" ပြောတုန်းက သူ့မျက်လုံးကစားပုံကို မြင်ယောင်လာသည်။

ထို့ကြောင့် ရစ်ချတ်က နောက်ထပ် ပို၍ ကောင်းသော မေးခွန်းကို မေးလိုက်၏။

"ဒါနဲ့ ပိုပြီးတော်တဲ့ အမြင်ပညာရှင်အဖြစ်နဲ့ အစ်ကိုလေး ဘယ်လို ချမ်းသာကြွယ်ဝလာတာလဲ"

အမြင်ပညာရှင်သည် ဧရာမ ဧည့်ခန်းကြီးထဲမှ ဆိုဖာကုလားထိုင်ပေါ်တွင် ထိုင်သည်။ ရစ်ချတ်ကိုလည်း သူ့လိုထိုင်ရန် အရိပ်ပြသည်။ ရစ်ချတ်က ကုလားထိုင်ကြီးပေါ် ဝင်လိုက်လိုက်တော့ ကိုယ်တစ်ဝက်မြုပ်သွား၏။ ဆိုဖာတွေက သူ့အိပ်ရာထက်ပင် ကြီးသေးတာကို သတိပြုမိသည်။ အမြင်ပညာရှင်က သူ့အကြောင်းကို စတင်ပြောပြသည်။

"ငါက လူတွေရဲ့ မျက်စိအမြင်အားကို ပြင်ပေးတဲ့ အလုပ်ကို လုပ်တယ်။ အထူးသဖြင့် ကလေးတွေရဲ့ အမြင်အားကို အလေးထားတယ်။ ကလေးတွေဟာ အမြင်အားမသန်ဘဲ မွေးဖွားလာရင် ပထမ နှစ်နှစ် သုံးနှစ် အတွင်းမှာ ဘာကိုမှ ပြတ်ပြတ်သားသား မမြင်ရဘူး။ အားလုံး မှုန်ဝါးနေတယ်။ အဲဒီတော့ ဘာကိုမှလည်း ကောင်းကောင်း မသိနိုင်တော့ဘူးပေါ့။ ငါ ညွှန်းပေးတဲ့ မျက်မှန်ကို တပ်လိုက်တော့မှ သူတို့က ပြောကြတယ် 'ဩော် ကမ္ဘာကြီးက ဒီလိုပါလား'တဲ့။ အဲဒါကြောင့် ငါ တွေးမိတယ်။ ငါကိုယ်တိုင် မှုန်ဝါးဝါး ကမ္ဘာကြီးထဲ ရောက်နေသလို ခံစားခဲ့ရပါကလားလို့"

ရစ်ချတ်က ပို၍ကောင်းသော မေးခွန်း မေးသည့်သဘောတရားကို ယခုမှ သဘောပေါက်မိ၏။

"အဲဒီလို ခံစားရအောင် ဘယ်ဟာက လုပ်တာလဲ"

"မင်း ဘာကို မေးတယ်ဆိုတာနဲ့ မပြီးသေးဘူး။ မင်း ဘယ်အချိန် ဘယ်အခါမှာ မေးတယ်ဆိုတာလည်း လိုသေးတယ်။ အခု ငါ ပြောသလို အရာဝတ္ထုတွေ မှုန်ဝါးနေသလို ခံစားရတယ်။ ငါဟာ

ငါ့ဘဝမှာ ငါနေပြီး သူများနောက် လိုက်နေခဲ့တယ်။ ငါလည်း 'ခနရေတွင်း'ကို နေ့တိုင်း သွားခဲ့တယ်။ အဲဒီနောက် နှစ်ပေါင်းများစွာကြာတော့မှ ငါ့ကိုယ်ငါ ပြန်မေးကြည့်တယ်။ ငါ့ဘဝမှာ ပိုပြီးတော်တဲ့ အမြင်ပညာရှင် ဖြစ်လာရင် ဘယ်လိုနေလိမ့်မလဲလို့။

အဖြေက ရှင်းရှင်းကလေးပဲ။ ငါ့မှာ ကြည်လင်ပြတ်သားမှုရှိရမယ်၊ အာရုံစိုက်မှု ရှိရမယ်၊ အတွေးအမြင် ရှိရမယ်။ အဲဒါဟာ ငါ တကယ် မှုန်ဝါးဝါး ဖြစ်နေတယ်ဆိုတာကို တကယ် သိမိတဲ့အချိန်ပဲ။ ဘာကြောင့်လဲဆိုတော့ ငါ့ကိုယ်ငါ ငါ ဘယ်သူလဲဆိုတာ ကြည်ကြည်လင်လင် မမြင်ခဲ့ဘူး။ ငါ့ ဘဝမှာ ကြည်လင်တဲ့ စူးစိုက်မှု မရှိခဲ့ဘူး။ တကယ်တော့ ငါ့မှာ ရည်မှန်းချက် ပျောက်နေတယ်။ သူများနောက် လိုက်နေတယ်။ လူအများလုပ်သလို လိုက်လုပ်နေခဲ့တယ်။

"အဲ... ကြီးကျယ်အောင်မြင်တဲ့ လူတိုင်းဟာ သူတို့ရဲ့ ဘဝခရီးကို ကြီးကျယ်တဲ့ အတွေးအမြင်နဲ့ စတင်ခဲ့ကြတယ်ဆိုတာ မကြာခင်မှာ ငါ သိလာခဲ့တယ်။ သူတို့ ဘယ်နေရာမှာ ရှိနေတယ်၊ ဘယ်နေရာကို သွားဖို့ လိုအပ်တယ်ဆိုတာကို သူတို့ ပြတ်ပြတ်သားသား မြင်ကြတယ်။ ပြီးတော့ အဲဒီ နေရာကို ရောက်နိုင်တဲ့ စွမ်းအားပြင်း စူးစိုက်မှုရှိကြတယ်။ ဒါကြောင့် ငါ့ရဲ့ အတွေးအမြင်ကို ရှာဖွေဖို့ ငါ ဆုံးဖြတ်လိုက်တယ်။ အဲဒါကို တွေ့တဲ့အချိန်မှာ ငါ့ဘဝ လုံးဝ ပြောင်းလဲသွားတော့တယ်"

အမြင်ပညာရှင်၏ စကားကို နားထောင်နေရင်း ရစ်ချတ်စိတ်ထဲက တွေးနေသည်။ ငါက ဘယ်လို ကြွယ်ဝချမ်းသာနိုင်သလဲဆိုတာကို သိချင်တာ။ ဘာကြောင့် အတွေးအမြင် လိုအပ်တာလဲ။ အတွေးအမြင် မရှိဘဲ ကြီးပွားချမ်းသာနေသူတွေ အများကြီးပဲ။ သူ့အဖေ၏ အတွေးအမြင်ကို သတိရမိသည်။ သူ သက်ပြင်းချလိုက်သည်။ သူ့အဖေသည် အလွန်အမြင်တိုသည်။ အနာဂတ်ကို လုံးဝ ကြိုမမြင်တတ်။

ရစ်ချတ်က ထပ်၍ မေးလိုက်သည်။

"ဒီလိုနဲ့ အစ်ကိုလေးက ပိုလို့တော်တဲ့ အမြင်ပညာရှင်အဖြစ်နဲ့ ပိုပြီး ကြိုးစားလုပ်ကိုင်ဖို့ ဆုံးဖြတ်လိုက်တယ်ပေါ့"

mgyoe.com

''မင်း ငါပြောတာကို သေချာနားမထောင်ဘူး။ ငါက အလုပ်လုပ်စရာ လုံးဝ မလိုဘူး။ ငါ့ ပိုက်ဆံက ငါ့အတွက် လုပ်ပေးတာ၊ ငါ့မှာ ရင်းနှီးမြှုပ်နှံထားတာတွေ ရှိတယ်။ ငါ အေးအေးဆေးဆေး နေနိုင်လောက်အောင် အဲဒါတွေက ငါ့ကို ပိုက်ဆံ လုံလုံလောက်လောက် ပေးတယ်။ ငါက ပိုပြီးတော်တဲ့ အမြင်ပညာရှင် 'ဖြစ်' ဖို့ ဆုံးဖြတ်လိုက်တယ်။ ပိုပြီးကောင်းတဲ့ အမြင်ပညာ 'လုပ်'ဖို့ မဆုံးဖြတ်ဘူး။ ငါ့ကို ချမ်းသာကြွယ်ဝအောင် လုပ်ပေးတာ ငါရဲ့ သက်မွေးမှုလုပ်ငန်း မဟုတ်ဘူး။ ငါ့ရဲ့ မှန်ကန်တဲ့ အတွေးအမြင်ကို ရှာဖွေတွေ့ရှိခြင်းက လုပ်ပေးတာ။ မင်းကို ငါ တစ်ခု ပြမယ်''

အမြင်ပညာရှင်သည် ကိုယ်ကို ရှေ့သို့ကိုင်းကာ ရစ်ချတ်၏ မှတ်စုစာအုပ်တွင် အောက်ပါအတိုင်း ရေးပေးသည်။

ကြွယ်ဝချမ်းသာမှုသည်
လွယ်မယောင်နှင့်ခက်သည်၊ တိမ်မယောင်နှင့်နက်သည်



mgyoe.com

# သင်၏ ဆက်သွယ်မှု အရည်အချင်းသည် ဘာလဲ


ဆက်သွယ်မှုအဆင့် ၄ ဆင့်

၁။ ဖလှယ်မှု

၂။ ဆက်စပ်မှု

၃။ တွန်းအားပေးမှု

၄။ တက်ကြွမှု




ဆက်သွယ်မှု အရည်အချင်း } = { ဘဝ အရည်အချင်း

"အဲ‥ လူနည်းစုဟာ လက်တွေ့ဘဝနဲ့ကင်းပြီး ဒါမှမဟုတ် ကိုယ်ပိုင် အရင်းအမြစ်တွေ မရှိဘဲ ချမ်းသာကြွယ်ဝလာကြတယ်။ မင်းရဲ့ ချမ်းသာကြွယ်ဝမှုကတော့ အချိန်ကာလ၊ ကျွမ်းကျင်မှု၊ စိတ်ဝင်စားမှုနဲ့ မင်းရဲ့ ပတ်ဝန်းကျင်က အရင်းအမြစ်တွေကြောင့် ဖြစ်ပေါ်လာမှာ။ ဆိုလိုတာက မင်းရဲ့ ဆက်သွယ်မှု အရည်အချင်းဟာ မင်းရဲ့ အောင်မြင်မှုအတွက် သော့ချက်ဖြစ်လိမ့်မယ်။ ဆက်သွယ်မှုအဆင့် လေးဆင့်ရှိတယ်။ ဒီတော့ မင်းကြိုက်တဲ့ အဆင့်ကို မင်းရွေးရမယ်"

အမြင်ပညာရှင်က ပထမအဆင့်ကို ညွှန်ပြပြီး-

"လူများစုက လွယ်လွယ်ပဲ ဖလှယ်မှု ကို ရွေးကြတယ်။ သဘောကတော့ သူတို့ဟာ ကြည်လင်ပြတ်သားမှုကို လုံးဝ မဖန်တီးဘဲ ချေပရင်း၊ ငြင်းခုံရင်း အချိန်ဖြုန်းကြတယ်။ လူတွေက ဖလှယ်မှုကို

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်သက်ကြတယ်။ ဒါပေမဲ့ အဲဒီလို လုပ်လို့ ဘယ်သူမှ မကြွယ်ဝ မချမ်းသာနိုင်ဘူး''

ထို့နောက် သူက ဒုတိယဆင့်ကို ညွှန်ပြသည်။

''တချို့လူဘွေက ပိုပြီး ကြည်လင်ပြတ်သားမှုကို ရရှိအောင် ကြိုးစားကြတယ်။ သူတို့ရဲ့ ဆက်ဆံရေးမှာ အဓိပ္ပာယ်ရှိအောင်၊ တန်ဖိုးတက်အောင် ဖန်တီးကြတယ်။ သူတို့ရဲ့ ပတ်ဝန်းကျင်က လူတွေနှင့် ဆက်စပ်မှု ရယူတယ်။ အဲဒီလိုလုပ်တော့ ဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေး ပိုပြီး များလာတယ်။ ဒီပုဂ္ဂိုလ်တွေဟာ တကယ်ထူးချွန်တဲ့ သင်းဖွဲ့စိတ်ဓာတ် ပြည့်ဝသူတွေပဲ။ သူတို့ဟာ မင်းရဲ့ အကြီးကျယ်ဆုံး ပိုင်ဆိုင်မှုတွေ ဖြစ်လာကြလိမ့်မယ်။

တချို့ လူနည်းစုကတော့ ဖြစ်လာမှ တုံ့ပြန်ခြင်းထက် ဖြစ်လာအောင် အခြေအနေကို ဖန်တီးယူကြတယ်။ သူတို့က တခြားသူတွေနဲ့ ဆက်သွယ်နိုင်တဲ့ စူးစိုက်မှုကို အလေးထားတယ်။ ဒီပုဂ္ဂိုလ်တွေဟာ ခေါင်းဆောင်တွေပဲ။ သူတို့က ဆက်စပ်မှုရဲ့ အရှိန်အဟုန်ကို ဖန်တီးနိုင်တဲ့ **တွန်းအားပေးမှု** ကို ပြုလုပ်ကြတယ်''

ထို့နောက် အမြင်ပညာရှင်က အဆင့်လေးကို ဂုဏ်ယူစွာ ညွှန်ပြရင်း-

''ဒါက ငါ ရွေးမယ့် အဆင့်ပဲ။ မင်းအနေနဲ့ **တက်ကြွမှု** ရှိလာတဲ့အခါ ခေါင်းဆောင်တွေရဲ့ ခေါင်းဆောင်ဖြစ်လာလိမ့်မယ်။ တက်ကြွဖို့အတွက် အတွေးအမြင်လိုအပ်တယ်။ ဒါကို လုံးဝ သံသယဖြစ်စရာ မလိုဘူး။ ဒီအဆင့်ကိုရောက်တဲ့အခါ မင်းရဲ့ အတွေးအမြင်ဟာ မင်းရဲ့ ခေါင်းဆောင်မှုရဲ့ အခြေခံအုတ်မြစ် ဖြစ်လာလိမ့်မယ်။ မင်းရဲ့ ကြွယ်ဝချမ်းသာရေး သော့ချက်ဟာ ခေါင်းဆောင်တွေကို ခေါင်းဆောင်နည်းပဲ။ အဲဒါကို လေ့လာဆည်းပူးဖို့ပဲ''

ယင်းအတွက် ရစ်ချတ်က အဆင်သင့် ဖြစ်၏။

''ဒါဆို အစ်ကိုလေးရဲ့ အတွေးအမြင်က ဘာလဲ''

ဤမေးခွန်းကို တုံ့ပြန်ရာတွင် အမြင်ပညာရှင်က အလွန်ထူးဆန်းသော

mgyoe.com SAMPLE BOOK

အပြုအမူတစ်ခုကို လုပ်ပြသည်။ သူ ပြုံးသည်။ ပြီးတော့ မျက်တောင် တစ်ချက်ခတ်ပြီး မျက်စိတစ်ဖက်မှိတ်ပြသည်။

''မင်းရဲ့ အတွေးအမြင်ကရော ဘာလဲ''

ယခင်က သည်မေးခွန်းမျိုးကို ရစ်ချတ်အား ဘယ်သူမှ မမေးခဲ့စဖူး။ တကယ်တော့ သူက ကိုးနှစ်သား အရွယ်သာ ရှိသေးသည်။ သူ့မှာ အတွေး အမြင် မရှိသေးဘူးဆိုတာ သူသိသည်။ ပြီးတော့ သူ့မှာ ကြည်လင်ပြတ် သားမှုရော စူးစိုက်မှုပါ သိပ်မရှိသေး။ သူ လုံး၀ မှုန်ဝါးဝါး ဖြစ်နေသေး၏။

ထို့နောက် အဘွားကြီး မေးခဲ့သည့် မေးခွန်းကို သူ သတိရမိသည်။ ထို့ကြောင့် သူက မေးလိုက်၏။

''ကျွန်တော့် အတွေးအမြင်ကို ရှာရင် အဲဒါကို ဘယ်တော့ရမယ် ဆိုတာ ဘယ်လိုသိနိုင်မလဲ''

''အတွေးအမြင်ကို မင်း တွေ့ရင် ဘာမဆို အားလုံး ချက်ချင်း ကြည်လင်ပြတ်သားလာလိမ့်မယ်။ မင်းက ပတ်ဝန်းကျင်ကို လှည့် ကြည့်ပြီး 'သြော် လောကကြီးက ဒီလိုပါလား'လို့ ပြောမိလိမ့်မယ်။ အဲဒီအချိန်မှာ မင်းအနေနဲ့ လူတွေ၊ အခွင့်အလမ်းတွေနဲ့ မင်းလိုချင်တဲ့ ကြွယ်ဝချမ်းသာမှုအတွက် စတင် ဆွဲဆောင်နိုင်လိမ့် မယ်''

ရစ်ချတ်က သံသယ ရှိနေဆဲဖြစ်သည်။ သည်စကားသည် အလွန် အဓိပ္ပာယ်မဲ့သည်ဟု သူက ထင်သည်။ ပိုပြီး မြင်ရုံသက်သက်ဖြင့် အမြင် ပညာရှင်သည် ဘယ်လိုလုပ် ကြွယ်ဝချမ်းသာလာနိုင်ပါ့မလဲ။ သည်ကိစ္စက သူပြောသလောက် မလွယ်လှပါဘူး။ သူ့အဖေ ပြောသည့်စကားကို ရစ်ချတ် သတိရမိ၏။

## ''သစ်ပင်က ပိုက်ဆံ မသီးဘူး''

အဖေက သိမှာပေါ့။ သူက လက်သမားဆရာကောင်းတစ်ယောက်ပဲ။ အဖေက သစ်ပင်တွေကို လှပတဲ့ စားပွဲတွေ၊ ကုလားထိုင်တွေ လုပ်တတ် တယ်။ တံခါးပေါင်တွေ၊ ပြတင်းတံခါးခုံတွေလည်း လုပ်တတ်တယ်။ အဖေက ပိုက်ဆံတစ်မျိုးကလွဲပြီး သစ်ပင်တွေကို လှပတဲ့ပစ္စည်း အများကြီး လုပ်တတ်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ရစ်ချတ်သည် 'ဓနရေတွင်း'ကို တွေးမိသည်။ ထိုနေရာသည် ပိုက်ဆံထွက်သည့် နေရာဖြစ်၏။ သူက အမြင်ပညာရှင်အား မေးလိုက်သည်။

''အခု ကြွယ်ဝချမ်းသာနေပြီဖြစ်တဲ့ အစ်ကိုလေးဟာ 'ကြွယ်ဝချမ်းသာရေး ရေတွင်း'ကို သွားနေတုန်းပဲလား''

အမြင်ပညာရှင်က ရယ်လိုက်သည်။

''ငါ အဲဒီ 'ရေတွင်း' ကို အသွားရပ်လိုက်တဲ့ အချိန်ကစပြီး ကြွယ်ဝချမ်းသာလာတာပဲ။ 'ရေတွင်း'က မင်းထင်တဲ့ နေရာမှာ မရှိဘူး။ ငါရဲ့ ကြည်လင်ပြတ်သားမှု၊ စူးစိုက်မှုနဲ့ အတွေးအမြင်တွေကို တွေ့ရှိလိုက်တာနဲ့ တစ်ပြိုင်နက် ငါ ကြွယ်ဝချမ်းသာလာတာပဲ''

''အဲဒီဟာတွေကို ဘယ်လို တွေ့ရှိတာလဲ''

''အဲဒီအတွက် ရေပိုက်ပြင်သူဆီကို မင်းသွားသင့်တယ်။ ငါလည်း အဲဒီလိုပဲ လုပ်ခဲ့တာပဲ''

ရစ်ချတ်က သည်ကိစ္စကို တွေးကြည့်သည်။ သူ သိထားတာ၊ လက်ခံထားတာတွေနှင့် တခြားစီ ဖြစ်နေပြီဟု ထင်မိသည်။ သူ့အဖေ သွားခိုင်းသည့် 'ရေတွင်း'နှင့် ဝေးသွားပြီဟု ခံစားရသည်။ ယခုအချိန်တွင် သူ့အနေဖြင့် နောက်ကိုလည်း ပြန်လှည့်နိုင်သည်၊ ရှေ့ကိုလည်း ဆက်သွားနိုင်သည်။ သူ့အဖေက ဘယ်လို ပြောမည်လဲ။ သူ့အဖေ၏ စကားကို ကြားယောင်လာသည်။

## ''ကိုယ့်အတ္တကို အမှန်အတိုင်း မြင်ပါ''

ရစ်ချတ်က အမြင်ပညာရှင်ကို ကြည့်လိုက်ပြီး–

''ကျွန်တော့်အဖေက ကိုယ့်အတ္တကို ကိုယ်အမှန်အတိုင်းမြင်ဖို့ ပြောတယ်။ ဒီတော့ ကျွန်တော့် အတ္တကို ကျွန်တော် အမှန်အတိုင်းမြင်ရင် အတွေးအမြင်ကို ဘာလို့ ရှာနေစရာလိုသေးလဲ''

အမြင်ပညာရှင်က ပြုံးလိုက်သည်။

''မင်းအဖေက သူ့အတ္တကို သူ အမှန်အတိုင်း တကယ်မြင်သလား''

''တကယ်မြင်တယ်''

သူက အနည်းငယ် ခုခံချင်စိတ်ဖြင့် ပြန်ပြောလိုက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

''ဒါဆို သူက သူ့ရဲ့ အတိတ်အတ္တကို အမှန်အတိုင်း မြင်တာလား၊ ဒါမှမဟုတ် သူ့ရဲ့ အနာဂတ်အတ္တကို အမှန်အတိုင်း မြင်တာလား''

သည်လူစိမ်းက သူ့အဖေအကြောင်း စပ်စပ်စုစု မေးခွန်းထုတ်တာကို ရစ်ချတ် မကြိုက်။ ထို့ကြောင့် တစ်ဖက်သို့ မျက်နှာလွှဲထားလိုက်၏။

''ရစ်ချတ်.. မင်းအဖေ ပြောတာ မှန်ပါတယ်။ ဒါပေမဲ့ မင်းက သူပြောတဲ့ စကားလုံးတွေကိုသာ မြင်တာ။ မင်းဟာ မင်းရဲ့ အတိတ်အတ္တကိုပဲ အမှန်အတိုင်း မြင်နေရင် မင်းဘဝဟာ ပိုနေမြဲ ကျားနေမြဲပဲ ဖြစ်နေလိမ့်မယ်။ မင်းက မင်းရဲ့ အနာဂတ် အတ္တကို အမှန်အတိုင်း မြင်မှသာ မင်းဘဝဟာ အတိုင်းအတာမရှိ ပြောင်းလဲတိုးတက်နိုင်လိမ့်မယ်''

အမြင်ပညာရှင်သည် ရှေ့သို့ ကိုင်းလိုက်သည်။ ရစ်ချတ်မျက်နှာ ပြန်လှည့်လာ၏။

''မင်းက မင်းရဲ့အတိတ်အတ္တကို အမှန်အတိုင်း တကယ် မြင်ချင်ရင် ထက်မြက်တဲ့ မှတ်ဉာဏ်နဲ့ လုံလောက်တယ်။ ဒါပေမဲ့ မင်းဘဝကတော့ ဒီနေ့ရှိနေတဲ့ အခြေအတိုင်းပဲ ရှိနေဦးမှာပဲ။

မင်းက မင်းရဲ့အနာဂတ်အတ္တကို အမှန်အတိုင်း မြင်ချင်ရင်တော့ မင်းအနေနဲ့ အတွေးအမြင် လိုအပ်တယ်။ အတွေးအမြင် မရှိရင် မင်းဟာ ပန်းတိုင်မဲ့ ခရီးသွားနေသူပဲ။ အဖြေရှာရင်းနဲ့ မင်း လမ်းပျောက်နေလိမ့်မယ်။ မင်းသိပြီးသားနေရာ၊ သိပြီးသား အရာဆီကိုပဲ ပြန်ရောက်လာလိမ့်မယ်။ မင်းရဲ့ အတွေးအမြင်ဟာ မင်းရဲ့ မှတ်ဉာဏ်ထက် စွမ်းအား ပိုပြင်းလာတဲ့အခါ မင်းရဲ့ အနာဂတ်ဟာ မင်းရဲ့ အတိတ်ထက် ပိုပြီး တန်ဖိုးရှိလာလိမ့်မယ်''

ရစ်ချတ် ထိုင်ရာမှ ထရပ်လိုက်သည်။

''ကောင်းပါပြီ၊ ရေပိုက်ပြင်သူကို ကျွန်တော် သွားရှာမယ်။ ဒါပေမဲ့ ကျွန်တော် ပိုပြီး ကောင်းတဲ့ မေးခွန်းတစ်ခု မေးချင်သေးတယ်။ အခုအချိန်အထိ အစ်ကိုလေး ပြောခဲ့ပြီးတာတွေ အားလုံးထဲက ကျွန်တော် ယူဆောင်သွားနိုင်မယ့် အသုံးဝင်ဆုံး စကားလက်ဆောင်က ဘာလဲ''

mgyoe.com

mgyoe.com SAMPLE BOOK

အမြင်ပညာရှင်က ပြန်ပြောသည်မှာ-

"မင်းရဲ့ အကြီးကျယ်ဆုံး ကိုယ်ပိုင်ပစ္စည်းဟာ မင်းဘဝကို ဖန်တီးမယ့် အတွေးအမြင်ပဲ။ ဒါကို လူနည်းစုသာ သိကြတာ။ မင်းရဲ့ အတွေးအမြင် ကြည်လင်ပြတ်သားလာရေးအတွက် ရင်နှီးမြှုပ်နှံပါ၊ အတွေးအမြင်ပေါ်မှာ အာရုံစူးစိုက်တာနဲ့ တစ်ချက်တည်း တကယ်ဖြစ်လာလိမ့်မယ်။ ဒီပိုင်ဆိုင်မှုဟာ သိပ်ပြီး အဖိုးတန်တယ်။ အဲဒါကို မင်း ရောင်းစားနိုင်တယ်။ အဲဒါရဲ့ သေးငယ်တဲ့ အစိတ်အပိုင်းကလေး တစ်ခုကို ရောင်းရင်တောင်မှ မင်း ဆန္ဒရှိသလောက် ကြွယ်ဝချမ်းသာလာလိမ့်မယ်"

"ဒီထက်ပိုပြီး အကျဉ်းချုပ်ပေးပါလား"

"ရပါတယ်။ မင်း ဖြစ်ချင်တဲ့ အဆင့်ကို ရွေးပါ။ မင်း မြင်တာကို မင်း အမြဲတမ်းရမှာပဲ။ ပိုပြီးမြင်အောင် လေ့လာဆည်းပူးပါ။ ပိုပြီး ရလာလိမ့်မယ်"

ရစ်ချတ်၏ မျက်လုံးတွေ ကျယ်လာသည်။

ပိုပြီး 'မြင်' အောင် လေ့လာဆည်းပူးပါ။ ပိုပြီး 'ရ'လာလိမ့်မယ်။

အမြင်ပညာရှင်၏ စကားသည် ရစ်ချတ်၏ သေးသေးကွေးကွေး ကိုယ်ခန္ဓာကလေး အတွင်းသို့ နက်နက်ရှိုင်းရှိုင်း ထိုးဖောက်ဝင်ရောက်သွားသည်။ ရစ်ချတ်၏ မိသားစုသည် နည်းနည်းသာ ရ၍ ဆင်းရဲသည်။ သူ့အဖေက အလုပ်ကို အကြီးအကျယ် ကြိုးစားလုပ်သည်။ သူ ဘယ်အဆင့်ကို လိုချင်တယ်၊ ရောက်ချင်တယ် ဆိုသည်ကို စဉ်းစားတွေးတောရန် အချိန်မရလောက်အောင်အထိ အလုပ်ကို အလွန်အကြူး ကြိုးစားလုပ်ကိုင်ခဲ့သည်။ သူ အသေအလဲ ကြိုးစားလုပ်သည်။ ပိုပြီး ဘယ်လို မြင်လာနိုင်မလဲဆိုတာ လေ့လာဆည်းပူးချိန် မရလောက်အောင်အထိပင် ဖြစ်၏။

အမြင်ပညာရှင်၏ စကားသည် တကယ်မှန်သည်ဆိုလျှင် ရစ်ချတ်၏ အဖေအနေဖြင့် ပို၍ မြင်ရန် မလေ့လာဘဲ ပို၍သာ အလုပ်လုပ်ခဲ့ခြင်းသည် သူတို့ မိသားစုအား ကြွယ်ဝချမ်းသာအောင် မစွမ်းဆောင်နိုင်ခဲ့။ ဆင်းရဲမြဲ ဆင်းရဲနေအောင်သာ လုပ်ခဲ့သလို ဖြစ်နေခဲ့၏။

mgyoe.com

mgyoe.com SAMPLE BOOK

ရစ်ချတ် တော်တော်ကလေး တက်ကြွလာသည်။ မှတ်စုစာအုပ်ထုတ်ပြီး ရေးမှတ်တော့သည်။

## "၂။ သင်လိုချင်သည့်အဆင့်ကို ရွေးချယ်ပါ"

## "၃။ သင်မြင်သည့်အရာကို အမြဲတမ်းရသည်"

ရစ်ချတ်သည် အမြင်ပညာရှင်၏ မျက်လုံးများကို မျှော်လင့်ချက်ဖြင့် ကြည့်လိုက်သည်။ ဤပုဂ္ဂိုလ်သည် သူများနှင့်မတူ တစ်မူခြားနားသည့် ကြည်လင်ပြတ်သားမှု အဆင့်သို့ တကယ်ရောက်ရှိနေသူဖြစ်ကြောင်း ရစ်ချတ် သိသိသာသာကြီး တွေ့မြင်ရ၏။ သူ၏ ကိုယ်ပိုင်အဆင့်ကို မြှင့်တင်ချင်လျှင် သူ့အနေဖြင့် ပို၍ ကောင်းမွန်သော မေးခွန်းများကို မေးဖို့ လိုအပ်သည် ဆိုတာကိုလည်း သူ ကောင်းစွာ သဘောပေါက်မိသည်။ အဘွားအိုနှင့် အမြင်ပညာရှင်တို့အား သူ မေးခဲ့သည့် မေးခွန်းများကို ပြန်လည်သတိရပြီး သူ ပြုံးလိုက်မိသည်။

သူ မေးခဲ့သည့် ပို၍ ကောင်းသော မေးခွန်းများသည် သူ၏ 'ခနရေတွင်း' ရှာဖွေရေး ခရီးအတွက် နောက်ထပ် တံခါး တစ်ချပ်ကို ဖွင့်ပေးနိုင်ခဲ့ပြီ ဆိုတာကိုလည်း သူ အလေးအနက် ယုံကြည်သွားခဲ့ပြီ။ မှတ်စုစာအုပ်တွင် ရေးမှတ်လိုက်၏။

## "၄။ မေးပါများ စကားရ"

ထို့နောက် ရစ်ချတ်သည် ဝတ်ရုံဖြူ ပညာရှင်အား ကျေးဇူးတင်စကားပြောကာ ရေပိုက်ပြင်သူကို ရှာဖွေရန် ဆက်လက် ထွက်ခွာလာခဲ့လေ၏။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း [၄]
# ရေပိုက်ပြင်သူ

သူ ရှည့်ရှည်ဝေးဝေးပင် မသွားလိုက်ရ။ အမြင်ပညာရှင် ပြောလိုက်တာတွေ ယုတ္တိယုတ္တာမှ ရှိပါရဲ့လားဟု သံသယစိတ်ဖြင့် ပြန်လည် သုံးသပ်လာရင်းမှပင် ရေပိုက်ပြင်သူနှင့် ပက်ပင်းဝင်တိုးတော့သည်။ ရေပိုက်ပြင်သူသည် ရေပန်းတစ်ခုအတွင်း ဒူးလောက်ရေထဲတွင် ကနေသလို ထင်ရ၏။

"ဦးကြီးဟာ ရေပိုက်ပြင်သူ မဟုတ်လား။ အမြင်ပညာရှင်က လမ်းညွှန်လိုက်လို့ပါ။ ဦးကြီးအနေနဲ့ ကျွန်တော့်ကို ကြွယ်ဝချမ်းသာအောင် ကူညီနိုင်ပါသလား"

ရေပိုက်ပြင်သူက ရစ်ချတ်အား စေ့စေ့ကြည့်လျက်-

"သေချာပေါက် ကူညီနိုင်တာပေါ့၊ ကဲ ငါ့ရုံးခန်းထဲ ဝင်လာပါ"

ရစ်ချတ် ခေတ္တရပ်နေသည်။ ထို့နောက် ဖိနပ်ကို ချွတ်သည်။ မှတ်စုစာအုပ်ကို ခပ်မြင့်မြင့် မြှောက်ကိုင်ကာ ရေပန်းထဲ လှမ်းဝင်လိုက်သည်။

"ကျွန်တော်တို့ ဒီနေရာမှာ စကားပြောလို့ ဖြစ်ပါ့မလား"

ရေပိုက်ပြင်သူက ရစ်ချတ်အား ဇဝေဇဝါ ကြည့်လိုက်ပြီး-

"ချမ်းသာတာဟာ ဘယ်လိုနေတယ်ဆိုတာ မသိရင် ချမ်းသာရာ ချမ်းသာကြောင်းကို မင်း ဘယ်လိုလုပ်ပြီး လေ့လာဆည်းပူးနိုင်မှာ လဲ"

"အခုလို ရေပန်းထဲ ရပ်နေတာဟာ ချမ်းသာတာလား"

"အဲဒါ မဟုတ်ပါဘူး။ ဒါပေမဲ့ ကြောက်စိတ်မရှိဘဲ ရေစိုခံနိုင်နည်းကို လေ့လာတာကတော့ ဟုတ်တယ်။ ချမ်းသာခြင်းဟာ ငါတို့

mgyoe.com